# (၁၃)ကြိမ်မြောက်အာဆီယံတရုတ်စီးပွားရေးလုပ်ငန်းရှင်များညီလာခံ ကူမင်း၌ကျင်းပ
# တရုတ်စီးပွားရေးလုပ်ငန်းရှင်(၇၅၀)ဦးခန့်တက်ရောက်

ဇွန်လ(၁၁)ရက်နေ့တွင် (၁၃)ကြိမ်မြောက် အာဆီယံတရုတ်စီးပွားရေးလုပ်ငန်းရှင်များညီလာခံကို ကူမင်းမြို့၌ ကျင်းပခဲ့သည်။ အရှေ့တောင်အာရှ၊ တောင်အာရှ၊ အနောက်အာရှ၊ အာဖရိက၊ ဥရောပ၊ တောင်မြောက်အမေရိက၊ ဩစတြေးလျနှင့် တရုတ်ဟောင်ကောင်၊ မကာအို၊ ထိုင်ဝမ် စသည့်နိုင်ငံ/ဒေသ(၄၂)နိုင်ငံ/ဒေသမှ စီးပွားရေးလုပ်ငန်းရှင်များအသင်း၊ အသင်းအဖွဲ့၊ ကုမ္ပဏီများမှ တရုတ်စီးပွားရေးလုပ်ငန်းရှင်နှင့် တရုတ်အိုဗာစီးကျွမ်းကျင်သူ (၇၅၀)ဦးခန့်သည် ယခုအကြိမ်ညီလာခံသို့ တက်ရောက်ခဲ့ကြသည်။

ယူနန်ပြည်နယ် ပြည်သူ့အစိုးရ တရုတ်အိုဗာစီးရေးရာဗျူရို ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ယူနန်ပြည်နယ် နိုင်ငံရပ်ခြားဆက်ဆံရေးအသင်း ဒုတိယဥက္ကဋ္ဌ ယွမ်ကွမ်းရှင်း၏ မိတ်ဆက်ခြင်းအရ ယခုအကြိမ် တရုတ်စီးပွားရေးလုပ်ငန်းရှင်များ ညီလာခံသည် "တစ်ဇုန်တစ်လမ်း"နှင့် ထက်ကြပ်စွာချိတ်ဆက်၍ အရင်းအနှီးခေါ်ယူမှုစီမံကိန်း၊ ဉာဏ်စွမ်းဉာဏ်စခေါ်ယူမှု စီမံကိန်း ကမ်းလှမ်းရန် ပြခန်းနေရာ စုစုပေါင်း (၁၂၆)ခု ခင်းကျင်းထားကြောင်း၊ အရင်းအနှီးခေါ်ယူမှုအပိုင်းတွင် ယူနန်ပြည်နယ်အတွင်းရှိ မြို့/ပြည်နယ်ခွဲ(၁၆)ခုနှင့် ချုံချင့်၊ စီချွမ်း၊ ချိန်ဒူးစသည့် ပြည်နယ်၊ ဒေသ၊ မြို့များမှ အရင်းအနှီးခေါ်ယူရန်ဌာန၊ ဇုန်နယ်နှင့်ကုမ္ပဏီ(၁၆၀)ကျော်တို့က ညီလာခံသို့ တက်ရောက်ကြပြီး အရင်းအနှီးခေါ်ယူရန်စီမံကိန်း (၇၀၀)ကျော်ကို ညီလာခံတွင် မိတ်ဆက်ရှင်းလင်းကမ်းလှမ်းနိုင်ခဲ့ကြောင်း၊ ဉာဏ်စွမ်းဉာဏ်စခေါ်ယူမှုအပိုင်းတွင်အမေရိကန်၊ ကနေဒါ၊ ဂျပန်စသည့်နိုင်ငံ(၁၁)နိုင်ငံရှိ နာမည်ကျော်တက္ကသိုလ်၊ သုတေသနဌာနနှင့် သိပ္ပံနည်းပညာဆိုင်ရာကုမ္ပဏီတို့မှ နိုင်ငံရပ်ခြား နာမည်ကျော် တရုတ်အမျိုးသား ကျွမ်းကျင်သူ(၅၀)ဦးတို့သည် သိပ္ပံနည်းပညာ အောင်သီးအောင်ပန်း (၉၁)ရပ်ကို ဆောင်ကြဉ်းလာခဲ့ကြောင်း၊ အဆိုပါအောင်သီးအောင်ပန်းများမှာ ဇီဝဆေးပညာ၊ ITလုပ်ငန်း၊ အစိမ်းရောင်စားသောက်ကုန်စသည့်သုံးဘက် ပါဝင်ကြောင်း သိရသည်။

စုံစမ်းမေးမြန်းခြင်းအရ ယခုနှစ်အထိ အာဆီယံတရုတ်စီးပွားရေး လုပ်ငန်းရှင်များ ညီလာခံကို (၁၂)ကြိမ်မြောက် ဆက်တိုက် အောင်မြင်စွာ ကျင်းပခဲ့ပြီး




စီမံကိန်းများအတွက် မိတ်ဆက်ရှင်းလင်းပွဲ စုစုပေါင်း(၃၀)ပွဲနီးပါး စည်းရုံးကျင်းပနိုင်ခဲ့ကြောင်း၊ တရုတ်အနောက်တောင်ပိုင်းရှိ ပြည်နယ်၊ ဒေသ၊ မြို့(၆)ခုတို့၌ ကုမ္ပဏီ(၂၀၀၀)ကျော်ခန့် ပါဝင်တက်ရောက်ခဲ့ပြီး တရုတ်စီးပွားရေးလုပ်ငန်းရှင်(၃၅၀၀)ကျော်တို့သည် အဆိုပါ ပြည်နယ်၊ ဒေသ၊ မြို့အသီးသီးတို့မှ လုပ်ငန်းများနှင့် ချိတ်ဆက်၍ ကမ်းလှမ်းနိုင်ခဲ့ကြောင်း၊ အရင်းအနှီးခေါ်ယူရန် စီမံကိန်းဆိုင်ရာစာချုပ်၊ သဘောတူညီချက် စုစုပေါင်းအရပ်(၁၀၀)နီးပါး ချုပ်ဆိုပြီး လက်တွေ့ရောက်ရှိလာသော အရင်းငွေမှာ အမေရိကန်ဒေါ်လာ ၅ ဘီလီယံကျော်နိုင်ခဲ့ကြောင်း၊ ယင်းညီလာခံသည် တရုတ်အိုဗာစီးရေးရာ အရင်းအမြစ်အားသာချက်ကို ဖော်ထုတ်၍ တရုတ်အနောက်တောင်ပိုင်းဒေသအား ဝန်ဆောင်မှုပေးနိုင်သော၊ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေသော၊ ဝိသေသထူးခြားချက်ပါသော အမှတ်တံဆိပ်တစ်ခုဖြစ်လာပြီး ဖြစ်ကြောင်း သိရသည်။

**လူ့ယွဲလင်း**

## မြန်မာ့အားကစားသမားများကူညီရန် နည်းပညာလေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းအပြီးသတ်

ဇွန်လ(၈)ရက်နေ့တွင် (၂၈)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာ့အားကစားသမားကူညီရန် နည်းပညာလေ့ကျင့်ရေး ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းကို ယူနန်ပြည်နယ် ရေပေါ်ရေအောက်အားကစားများ လေ့ကျင့်ရေးစခန်းတွင် အောင်မြင်စွာ အပြီးသတ်ခဲ့ပါသည်။ မြန်မာနိုင်ငံမှနည်းပြ၊ အားကစားသမား(၁၉၃)ဦးတို့သည် မြန်မာနိုင်ငံသို့ ပြန်ရောက်သို့မဟုတ် စင်ကာပူနိုင်ငံသို့ ထွက်ခွာသွားကြပြီး အားမာန်ပြည့်ဖြိုးစွာဖြင့် (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကိုဆီးကြိုသွားမည်ဖြစ်သည်။

မတ်လ(၂၁)ရက်နေ့မှ စ၍မြန်မာနိုင်ငံ ပြေးခုန်ပစ်အသင်း၊ အမျိုးသားဘတ်စကက်ဘော အသင်း၊ အမျိုးသမီးဘောလုံးအသင်း၊ အမျိုးသမီးဘော်လီဘောအသင်း၊ မြားပစ်အသင်း၊ လက်ဝှေ့အသင်း၊ စနောခပ်ဘီလီယက်အသင်း၊ သံလူအားကစားသုံးမျိုးအသင်းနှင့် စက်ဘီးစီး အသင်း စသည့်အားကစား(၁၁)မျိုးတို့မှ မြန်မာနိုင်ငံနည်းပြ၊ အားကစားသမားများ စုစုပေါင်း (၁၉၃)ဦးတို့သည် ကူမင်းမြို့သို့ ရှေ့ဆင့်နောက်ဆင့် ဆိုက်ရောက် လာကြသည်။ ယူနန်ပြည်နယ် ရေပေါ်ရေအောက် အားကစားလေ့ကျင့်ရေးစခန်း၊ ပေကျော့ချန် အားကစားလေ့ကျင့်ရေးစခန်း၊ ချိန်ကုန့်အားကစားလေ့ကျင့်ရေးစခန်း၊ ယူနန်ပြည်နယ် အားကစားလေ့ကျင့်ရေးအဖွဲ့၊ ကူမင်းဟိုင်ကိန်အားကစား လေ့ကျင့်ရေးစခန်းနှင့် ကူမင်းမြို့ အားကစားသင်တန်းကျောင်းတို့တွင်အသီးသီး လေ့ကျင့်ခဲ့သည်။ နှစ်လကျော်ကြာ အချိန်အတွင်း အားကစားအသင်း(၂၇)သင်းတို့၏အားကစားအရည်အချင်းသည် သိသိသာသာတိုးတက်နိုင်ခဲ့သည်။

တရုတ်နိုင်ငံအစိုးရစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် တရုတ် အားကစား အပြည်ပြည်ဆိုင်ရာစီးပွားရေးနည်းပညာ ပူးပေါင်းဆောင်ရွက်ရေး ကုမ္ပဏီလီမိတက်တို့သည် မြန်မာ့စက်ဘီးစီးအသင်း၊ မြားပစ်အသင်း၊ လက်ဝှေ့အသင်း၊ ဓားခုတ်အသင်းစသည့် အသင်းများအတွက် ယွမ် ၁.၂ သိန်းကျော်တန်သော အားကစားပစ္စည်းလှူဒါန်းပေးခဲ့၍ အခက်အခဲများကိုလည်း ဖြေရှင်းပေးနိုင်ခဲ့သည်။

**လို့ရင်**

## ဟွမ်ယီသည် မြန်မာနိုင်ငံယူနန်ဇာတိသားများအား လက်ခံတွေ့ဆုံ

ယခုရက်ပိုင်းတွင် ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီဝင်၊ ယူနန်ပြည်နယ်ပါတီကော်မတီ ညီညွတ်ရေးတပ်ပေါင်းစုရေးရာဌာန ဌာနမှူး ဟွမ်ယီသည် (၈)ကြိမ်မြောက် ကမ္ဘာ့ယူနန်ဇာတိသားများ မိတ်ဆုံပွဲသို့ တက်ရောက်လာကြသော မြန်မာနိုင်ငံ ယူနန်ဇာတိသားများ ကိုယ်စားလှယ်အဖွဲ့ကို ဖူးလ်မြို့တွင်လက်ခံတွေ့ဆုံခဲ့သည်။

ဟွမ်ယီသည် မြန်မာနိုင်ငံမှ ယူနန်ဇာတိသားများ အဖွဲ့အားကြိုဆိုပါကြောင်း၊ ဇာတိမြေ၏တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်တစိုက်ဂရုပြုခဲ့ပြီး လူမှုရေးပရဟိတလုပ်ငန်းထဲ တက်ကြွစွာ ပါဝင်ခဲ့သည်အတွက် ကျေးဇူးတင်ရှိကြောင်း ဦးစွာပြောကြားခဲ့သည်။ ယခုနှစ် နှစ်ဦးပိုင်းတွင် ပါတီအထွေထွေအတွင်းရေးမှူး ရှီကျင့်ဖျင်က ယူနန်သို့ လာရောက် ကြည့်ရှုလေ့လာစဉ်အတွင်း ယူနန်အနေနှင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာစီမံကိန်းထဲ လက်ဦးမှုရှိရှိနှင့် ဝန်ဆောင်မှုပေး ပေါင်းစု၍ ကျော်လွှားစွာ တိုးတက်စေနိုင်သော လမ်းကြောင်းတစ်ကြောင်းကို ဖောက်လုပ်ပြီး တိုင်းရင်းသားသွေး စည်းတိုးတက်ရေး၏စံပြနယ်မြေ၊ ဂေဟာယဉ်ကျေးမှုတည်ဆောက်ရေး၏ ရှေ့ပြေးတပ်၊ တောင်အာရှ၊ အရှေ့တောင်အာရှသို့ မျက်နှာမူ ဖြာထွက်ရေးစင်တာ ဖြစ်အောင် ကြိုးစားရန် မဟာဗျူဟာဦးတည်ချက်ကို မှာကြားခဲ့ကြောင်း၊ မြန်မာနိုင်ငံမှ ဇာတိသားများအနေနှင့် ပြည်ချစ်ဇာတိချစ်သော၊ မွေးရပ်မြေကို ချမ်းမြေ့စေသော အစဉ်အလာကို ဆက်လက် ရှင်သန်တိုးတက်အောင် ဆောင်ရွက်ပြီး ယူနန်၏ တည်ဆောက်ရေး လုပ်ငန်းနယ်ပယ်အသီးသီးထဲ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကာ ဖွံ့ဖြိုးတိုးတက်မှုသစ်ကို လက်တွဲဖော်ဆောင်ကြရန် မျှော်လင့်ထားကြောင်း၊ ပေါင်းကူးတံတားအခန်းကို ဆက်လက်ဖော်ထုတ်၍ အထွေထွေအတွင်းရေးမှူး ရှီကျင့်ဖျင်မှ တင်ပြခဲ့သော "ချစ်ကြည်မှု၊ ရိုးသားမှု၊ အပြန်အလှန် အကျိုးရရှိစေမှု၊ ထောက်ညှာမှု" ဟူသော အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံသော အတွေးအခေါ်နှင့်အညီ လူမှုဖလှယ်ရေးနှင့် ပြည်သူများအကြား သဘောပေါက်နားလည်စေရေးလုပ်ငန်းများကို အများအပြား လုပ်ဆောင်ရမည်ဖြစ်ကြောင်း ပြောကြားသွားပါသည်။

မြန်မာနိုင်ငံ ရန်ကုန်ယူနန် ဇာတိသားများအသင်းဥက္ကဋ္ဌ ကျန်းရင်ချွင်းက မြန်မာနိုင်ငံရှိယူနန်ဇာတိသားများကို ကိုယ်စားပြု၍ ပြောကြားရာတွင် ယခုအကြိမ်မွေးရပ်မြေသို့ပြန်လာပြီး ယူနန်ဇာတိသားများ မိတ်ဆုံပွဲတက်ရောက်ခွင့်ရသည့်အတွက် အလွန်ဝမ်းသာမိကြောင်း၊ မွေးရပ်မြေရှိ ပြည်သူပြည်သားများမှ အစဉ်တစိုက်ဂရုစိုက် ထောက်ခံပေးခဲ့သည်ကို ကျေးဇူးတင်ရှိကြောင်း၊ ကျွန်တော်တို့အနေနှင့် မွေးရပ်မြေ၏ တည်ဆောက်ရေးလုပ်ငန်းထဲ ပါဝင်ကြပြီး ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံအကြား စီးပွားရေး၊ ယဉ်ကျေးမှု ပူးပေါင်းဖလှယ်စေရန် တက်ကြွစွာ တိုးမြှင့်သွားကြမည်ဖြစ်ကြောင်း ပြောကြားသွားပါသည်။

**ရှိန်ဟောက်**

ပိုမိုများပြားသော သတင်းအချက်အလက်များကို သိလိုလျှင် ယူနန်အမြန်သတင်းစဉ် ဝက်ဆိုက် ကိုဝင်ရောက်ပါ။
english.yunnan.cn

## ယူနန်–ရှင်းကျန်း–ဥရောပအပြည်ပြည်ဆိုင်ရာအထူးကုန်တင်ရထားဇူလိုင်လ(၁)ရက်တွင် စတင်ပြေးဆွဲ

# အရှေ့တောင်အာရှနိုင်ငံများမှ ကုန်ပစ္စည်းများ ဥရောပပို့ရန် လမ်းသစ်ထပ်တိုး

ယူနန်ပြည်နယ်ထွက် ကော်ဖီများကို ယူနန်-ရှင်းကျန်း-ဥရောပရထားလမ်းအတိုင်း ပို့ဆောင်လျှင် (၁၅)ရက်ဖြင့် ဥရောပဈေးကွက်တွင် ယူနန်ကော်ဖီ၏ အမွှေးရနံ့များ ပျံ့လွင့်နိုင်မည်ဖြစ်သည်။ ချိန်ဒူး၊ ချုံချင့်၊ ရှီးအန်း၊ ဝူဟန့်၊ ယိဝူးစသည့်မြို့များအဆက် ကူမင်းမြို့ကလည်း တရုတ်နိုင်ငံတွင် တရုတ်-ဥရောပရထားလမ်းသို့ ပြေးဆွဲလျက်ရှိသော မြို့(၁၀)မြို့အနက် တစ်မြို့ဖြစ်လာတော့သည်။

မကြာသေးမီ ကူမင်းရထားပို့ဆောင်ရေးဗျူရိုနှင့် တယ်ဟုန်ဟို့ဂူ ကော်ဖီလုပ်ငန်းကုမ္ပဏီ လီမီတက်တို့မှ ပူးပေါင်း၍ ကူမင်း-ဥရောပကော်ဖီတင် အပြည်ပြည်ဆိုင်ရာ အထူးရထားပြေးဆွဲရန် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ကူမင်းမြို့တွင် ကျင်းပခဲ့သဖြင့် ထိုအချိန်မှစ၍ ယူနန်ကော်ဖီကို အပြည်ပြည်ဆိုင်ရာရထားလမ်းဖြင့် ပို့ဆောင်သွားခြင်း မရှိခဲ့သောသမိုင်းကို အဆုံးသတ်နိုင်ခဲ့သည်။

တရုတ်နိုင်ငံ၏ အကြီးဆုံးသော ကော်ဖီတင်ပို့မှု စခန်းအဖြစ်ကော်ဖီသည် ယူနန်ပြည်နယ်၏ အရေးကြီးသောနိုင်ငံခြားငွေရရှိရန် လယ်ယာထွက်ကုန်ဖြစ်လာသည်။ စုံစမ်းမေးမြန်းခြင်းအရ နှစ်စဉ်ဥရောပတွင်ပျမ်းမျှ ကော်ဖီစားသုံးမှုပမာဏမှာ တန်ချိန် ၃.၆သန်း ရှိပြီး ယူနန်၊ ဗီယက်နမ်၊ အင်ဒိုနီးရှားဖြစ်သည့် အဓိကကော်ဖီထွက်ရှိရာ ဒေသသုံးဒေသအပါအဝင် အာရှတိုက်ကိုမှီခို၍ တင်ပို့သောကော်ဖီမှာတန်ချိန် ၁.၄ သန်းခန့် ရှိကြောင်းသိရသည်။ ထိုသို့သော နောက်ခံအောက်တွင် သယ်ယူပို့ဆောင်ရေးသည် ကော်ဖီတင်ပို့ရန်အတွက် အရေးကြီးသော အချက်တစ်ချက်ပင် ဖြစ်သည်။ ယူနန်-ရှင်းကျန်း-ဥရောပ အပြည်ပြည်ဆိုင်ရာ အထူးရထားပြေးဆွဲခြင်းသည် ပို့ဆောင်ရေး အချိန်နှင့်အကုန်အကျကို သိသိသာသာ လျှော့နည်းသွားနိုင်သည်။




လက်မှတ်ရေးထိုးပွဲ အခမ်းအနား၌ ကူမင်းရထားပို့ဆောင်ရေး ဗျူရိုကုန်ပစ္စည်းပို့ဆောင်မှု ရောင်းချရေးစင်တာမှ ညွှန်ကြားရေးမှူး လီချင်းချွမ်၏ မိတ်ဆက်ခြင်းအရ ယူနန်-ရှင်းကျန်း-ဥရောပ အပြည်ပြည်ဆိုင်ရာ ရထားလမ်းသည် ကူမင်းမှ ရှင်းကျန်းသို့ ရောက်ရှိသွားပြီးနောက် ပြည်ထွက်ပြီး အဆုံးမှာ ဂျာမနီနိုင်ငံ ဟန်ပေါ်ဖြစ်ကြောင်း၊ ဇူလိုင်လ(၁)ရက်နေ့တွင် စတင်ပြေးဆွဲမည့် ပထမအသုတ် ကော်ဖီစေ့သည် (၂၀၅၀)တန်ရှိပြီး ခရီးစဉ်အတွက် လိုအပ်မည့်အချိန်မှာ ယခင်တစ်လကျော်မှ ယခု (၁၅)ရက်အထိ လျှော့နည်းသွားမည်ဖြစ်ကြောင်းသိရသည်။

"ကုန်ပို့ချိန်လျှော့နည်း လာခြင်းဟာယူနန်-ရှင်းကျန်း-ဥရောပ အပြည်ပြည်ဆိုင်ရာအထူးရထားရဲ့ အဆွဲဆောင်ဆုံးသော အချက်တစ်ချက်ဖြစ်ပါတယ်။ အရင်က ယူနန်ကော်ဖီကို ဥရောပသို့ ပို့ဆောင်လိုရင် ပင်လယ်ရေကြောင်းပို့ဆောင်ရေးနည်းလမ်းနဲ့ မက်လာကာရေလက်ကြားကိုကွေ့ပြီး မြေထဲပင်လယ်မှတဆင့် ဥရောပသို့ ရောက်ရှိသွားတယ်။ အမြန်ဆုံးမှာလည်းရက်(၃၀)လိုပါတယ်။ တကယ်လို့ တိုင်ဖုန်းမုန်တိုင်းစတဲ့အခြေအနေမျိုးနဲ့ ကြုံတွေ့ရင် ရက်(၄၀)ကျော်လိုတော့တယ်။ ဒါပေမဲ့ ယူနန်-ရှင်းကျန်း-ဥရောပ အပြည်ပြည်ဆိုင်ရာ အထူးရထားမှတဆင့် ပို့ဆောင်ရင် လဝက်လောက်ပဲ ဥရောပသို့ အရောက်ပို့နိုင်မယ်" ဟု တယ်ဟုန်ဟို့ဂူ ကော်ဖီလုပ်ငန်းကုမ္ပဏီ လီမိတက်မန်နေဂျင်းဒါရိုက်တာ ရှုံ့ရှမ်ဇင်ကထိုသို့ပြောသည်။ "ဒီ့အပြင်ကူမင်းမြို့မှာ ရာသီဥတုခြောက်သွေ့မှုကြောင့် သိုလှောင်ရန်ကုန်ကျစရိတ် သက်သာပြီး ကူမင်းမြို့ဟာ တစ်ကမ္ဘာလုံးမှ ကော်ဖီလုပ်ငန်းများ ယူနန်ကော်ဖီဝယ်ယူဖို့ စုစည်းရာအရပ်ဖြစ်ကောင်းဖြစ်မယ်။"

ပို့ဆောင်မှုဈေးနှုန်းအရ ကြည့်လျှင်လည်း တရုတ်ရထားကွန်တိန်နာကုမ္ပဏီ ကူမင်းကုမ္ပဏီခွဲ အထွေထွေမန်နေဂျာရန်ကျူလင်းက ယူနန်-ရှင်းကျန်း-ဥရောပ အပြည်ပြည်ဆိုင်ရာ အထူးရထား၏ ပို့ဆောင်မှုဈေးနှုန်းမှာ လေကြောင်းပို့ဆောင်မှုဈေးနှုန်း၏ လေးပုံတစ်ပုံသာ ရှိသည်ဟုပြောသည်။

"ယူနန်-ရှင်းကျန်း-ဥရောပ အပြည်ပြည်ဆိုင်ရာ အထူးရထားဟာ ဇူလိုင်လ (၁)ရက်နေ့မှာ စတင်ပြေးဆွဲမယ်။ လောလောဆယ် ယူနန်-ရှင်းကျန်း-ဥရောပအပြည်ပြည်ဆိုင်ရာ အထူးရထားရဲ့စတင်ပြေးဆွဲရန် လုပ်ငန်းများကိုပြင်ဆင်နေဆဲဖြစ်တယ်" ဟုလီချင်းချွမ်ကပြောသည်။

ကော်ဖီမှအပ ယူနန်ပြည်နယ်၏ အခြားသောကုန်းမြင့်ဒေသ ဝိသေသပါလယ်ယာထွက်ကုန် ပစ္စည်းများကိုလည်း ကုန်းလမ်းမှတစ်ဆင့် ဥရောပသို့ပို့ဆောင်သွားနိုင်ကြောင်း၊ လက်ရှိတွင် ဗီယက်နမ်ထွက်ကော်ဖီစေ့များကို မီတာရထားလမ်းဖြင့် ယူနန်ပြည်နယ်သို့ ပို့ဆောင်နိုင်ပြီး တရုတ်-ဗီယက်နမ် အပြည်ပြည်ဆိုင်ရာ ကုန်ပစ္စည်းများ ပို့ဆောင်ရေးလမ်းကြောင်းမှ တစ်ဆင့် တရုတ်-ဥရောပ အပြည်ပြည်ဆိုင်ရာ လမ်းကြောင်းနှင့် ချိတ်ဆက်နိုင်ကြောင်း၊ အရှေ့တောင်အာရှ နိုင်ငံများအား မိမိနိုင်ငံရှိကုန်ပစ္စည်းများကို ဤလမ်းကြောင်းဖြင့် ဥရောပသို့ ပို့ဆောင်ရန် ဆွဲဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း ဆက်လက်ပြောကြားသည်။

**သတင်းစဉ်**

■တောင်အာရှကုန်စည်ပြပွဲသို့ မျက်ခြည်ဆုံ

# တောင်အာရှကုန်စည်ပြပွဲကတ်သည် "မြို့သူမြို့သားကတ်" အဖြစ်ပြောင်းပြီး ပြည်ပသို့ ထွက်ခွာ

ယခုရက်ပိုင်းတွင် ယူနန်ကျုံးတျန်း တောင်အာရှကုန်စည်ပြပွဲကတ် သိပ္ပံနည်းပညာဖွံ့ဖြိုးရေးကုမ္ပဏီလိမိတက်နှင့် ထိုင်းနိုင်ငံ Rabbitကတ်အုပ်စု၊ 7-ELEVEN အုပ်စုနှင့် OCGအုပ်စုတို့သည် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို ချုပ်ဆိုခဲ့သည်။ ဤသည်မှာ တောင်အာရှကုန်စည်ပြပွဲကတ်သည် ပြည်ပသို့ထွက်ခွာ၍ "မြို့သူမြို့သားကတ်" အဖြစ်ပြောင်းလဲသွားသည်ကိုလက္ခဏာဆောင်နေပြီး ကတ်ကိုင်ဆောင်သူများ ထိုင်းနိုင်ငံနှင့်အခြား အရှေ့တောင်အာရှနိုင်ငံများ၌ အဆင်ပြေစွာ စားသုံးရန်အတွက် ပိုမိုများပြားသော ဝန်ဆောင်မှု ပေးနိုင်မည်ဖြစ်သည်။



ယူနန်ကျုံးတျန်း တောင်အာရှကုန်စည်ပြပွဲကတ် သိပ္ပံနည်းပညာဖွံ့ဖြိုးရေးကုမ္ပဏီလိမိတက်မှ သက်ဆိုင်ရာ တာဝန်ရှိသူ၏ မိတ်ဆက်ခြင်းအရတောင်အာရှကုန်စည်ပြပွဲ ကတ်ပြား၏ဖြန့်ချိဘက်နှင့် လုပ်ကိုင်ဘက်အဖြစ် ယင်းကုမ္ပဏီသည် စီးပွားရေးနည်းစနစ်၊ ဈေးကွက်လုပ်နည်းများဖြင့် တောင်အာရှကုန်စည်ပြပွဲကတ်ပြား၏စွမ်းဆောင်ချက်ကို အဖက်ဖက်တွင် အသုံးပြုနိုင်အောင် ဖွံ့ဖြိုးတိုးတက်စေရေးကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကတ်ပြားကိုင်ဆောင်သူသည် ကူမင်းမြို့တွင် ကတ်ပြားဖြင့်ပြပွဲဝင်ရောက်ကြည့်ရှုခြင်း၊ ဈေးဝယ်ခြင်းနှင့် ငွေပေးဆောင်ခြင်းစသည့် ဘက်တွင် အသုံးပြုနိုင်သည့်အပြင် ပြည်ပသို့ထွက်ခွာ၍ ထိုင်းနိုင်ငံစသည့် အရှေ့တောင်အာရှနိုင်ငံများတွင်လည်း ကတ်ဖြင့်စားသုံးနိုင်မည်ဖြစ်ကြောင်း၊ မကြာမီပြီးဆုံးခဲ့သောတတိယအကြိမ်မြောက် တောင်အာရှ ကုန်စည်ပြပွဲတွင် တောင်အာရှကုန်စည်ပြပွဲကတ်ပြားသည် အီလက်ထရွန်နစ် ဝင်ခွင့်လက်မှတ်နှင့် တောင်အာရှကုန်စည်ပြပွဲရှိ ပြတိုက်များတွင် စားသုံးခြင်း၊ ငွေပေးချေခြင်းဟူ၍ စွမ်းဆောင်ချက်နှစ်ရပ်ကို အဓိကထား ဆောင်ရွက်ပေးခဲ့ကြောင်း၊ လက်ရှိတွင် ကူမင်းဒေသအတွင်း ကတ်ပြားစောင်ရေ ၂.၅သိန်းခန့် ဖြန့်ချိခဲ့ပြီးဖြစ်ကြောင်း၊ တောင်အာရှကုန်စည်ပြပွဲ၏ နှောင်းပိုင်းကာလတွင် တောင်အာရှ ကုန်စည်ပြပွဲ ကတ်ပြားသည် လမ်းပန်းဆက်သွယ်ရေး၊ နေထိုင်မှုဘဝ၊ ခရီးသွားရေး၊ ဆေးကုသရေးစသည့် နယ်ပယ်များတွင် အသုံးပြုနိုင်သော၊ ပြည်သူများ၏ နေ့စဉ်ဘဝကို အဆင်ပြေနိုင်ရန် ဝန်ဆောင်မှုပေးသော "မြို့သူမြို့သားကတ်"အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းတာဝန်ရှိသူက ယခု အကြိမ် ထိုင်းနိုင်ငံရှိအုပ်စု(၃)စုနှင့် ပူးပေါင်းဆောင်ရွက်လိုက်ခြင်းသည် "တစ်ဇုန်တစ်လမ်း" မဟာဗျူဟာ၏ လက်တွေ့ဆောင်ရွက်ချက်ဖြစ်ကြောင်း၊ ပြည်တွင်းမှ "မြို့သူမြို့သားကတ်" နှင့် နယ်စပ်ဖြတ်ကျော် စီးပွားရေးလုပ်ငန်း၊ လမ်းပန်းဆက်သွယ်ရေးကတ်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည်လည်း ပြည်တွင်းတွင် ပထမဦးဆုံးအကြိမ်ပင်ဖြစ်ကြောင်း ပြောကြားသည်။

**လီချိန်ဟန်**

# ‘တောင်အာရှ၊ အရှေ့တောင် အာရှအနုပညာသီတင်းပတ်’ တောင်အာရှကုန်စည်ပြပွဲတွင် စည်ကားသိုက်မြိုက်စွာကျင်းပ

ယူနန်ပြည်နယ်ပါတီကော်မတီ ပြန်ကြားရေးဌာန၊ ယူနန်ပြည်နယ် ယဉ်ကျေးမှုသမဂ္ဂတို့မှ ကြီးမှူးကျင်းပသော “တရုတ်-တောင်အာရှ၊ အရှေ့တောင် အာရှအနုပညာသီတင်းပတ်(၂၀၁၅)” ကို ဇွန်လ(၁၁)ရက်နေ့တွင် တတိယအကြိမ်တောင်အာရှ ကုန်စည်ပြပွဲ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ယခုအကြိမ် မေ့ပျောက်ရန်ခက်ခဲသော၊ အဆုံးမရှိအောင် ပြန်လည် အရသာခံသောယဉ်ကျေးမှုအနုပညာပွဲကြီးမှတစ်ဆင့် နိုင်ငံအသီးသီးမှ ဧည့်သည်နှင့် တက်ရောက်သူများသည် ယူနန်ပြည်နယ် တိုင်းရင်းသားအရပ်ဘက် အနုပညာ၏ အဆုံးမရှိသော ညို့ဓာတ်ကို ကိုယ်တိုင်ထိတွေ့ခံစားခဲ့ကြသည်။

ယခုအကြိမ်အနုပညာ သီတင်းပတ်သည် တောင်အာရှကုန်စည်ပြပွဲ၏ လှုပ်ရှားမှုကြီး(၁၀)ရပ်အနက် တစ်ရပ်ဖြစ်သည်။ ဝါဒဖြန့်ချီရန်ခေါင်းစဉ်မှာ “အနုပညာများကို စုပြုံ၊ ညို့ဓာတ်များကိုပြသ”ဖြစ်သည်။ “တရုတ်-တောင်အာရှ၊ အရှေ့တောင်အာရှမှ စာရေးဆရာများ ကူမင်းဖိုရမ်နှင့် စာပေအချက်အလက်လေ့လာစုဆောင်းရေးလှုပ်ရှားမှု”၊ “ယူနန်အနုပညာ--ယူနန်တိုင်းရင်းသားအရပ်ဘက်ယဉ်ကျေးမှုတင်ဆက်ပြသပွဲ”၊ “တရုတ်၊ အိန္ဒိယနှစ်နိုင်ငံအကအနုပညာနှီးနှောဖလှယ်သရုပ်ပြပို့ချပွဲ”၊ “တရုတ်-အိန္ဒိယနှစ်နိုင်ငံရုပ်ရှင်ကားများကြည့်ရှုလေ့လာပွဲ”စသည့် လှုပ်ရှားမှုများကို စီစဉ်ပေးခဲ့သည်။

“စာရေးဆရာများဖိုရမ်”သည် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ နီပေါ၊ ထိုင်း၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ် စသည့်နိုင်ငံများမှ စာရေးဆရာအယောက်(၄၀)ကျော်နှင့် တရုတ်နိုင်ငံစာရေးဆရာများအသင်း၊ တရုတ်အနောက်တောင်ပိုင်းပြည်နယ်(ဒေသ/မြို့)(၆)ပြည်နယ်(ဒေသ/မြို့)ရှိ စာရေးဆရာအသင်းမှ ခေါင်းဆောင်များ၊ ပြည်နယ်တွင်းနှင့် ပြည်နယ်ခြားမှ စာရေးဆရာအယောက်(၁၀၀)ကျော်က တတ်ရောက်ခဲ့ကြသည်။ ၎င်းတို့သည်တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံများမှ စာရေးဆရာများ ယူနန်ပြည်နယ်ကို ကြည့်ရှုခြင်း၊ ယူနန်ပြည်နယ်ကို ရေးသားခြင်းဆိုင်ရာစာပေတီထွင်မှု၊ စာပေအချက်အလက်လေ့လာစုဆောင်းရေးလှုပ်ရှားမှုသို့ တက်ရောက်ခဲ့ကြပြီး လမ်းနှစ်လမ်းခွဲ၍ ချူရှုံ၊ တာ့လီနှင့်ဝင်စန်း၊ ဟုန်ဟော်စသည့်ဒေသများသို့သွားရောက်ကာ စာပေအချက်အလက်စုဆောင်းခြင်းနှင့်သတင်းထောက်ခြင်း ပြုလုပ်ခဲ့ကြသည်။

ကူမင်းမြို့ တျန်းချီအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ ဒုတိယထပ်ရှိ တင်းရှမ်းခန်း ရှေ့ခန်းမတွင် ကျင်းပသော “အနုပညာဆန်သောယူနန်--ယူနန်ပြည်နယ်တိုင်းရင်းသားအရပ်ဘက်ယဉ်ကျေးမှုပြပွဲ”၌ ယူနန်ပြည်နယ်တိုင်းရင်းသားအရပ်ဘက်ယဉ်ကျေးမှုအမွေဆက်ခံသူအယောက်(၂၀)တို့သည် လက်မှုအနုပညာလက်တွေ့သရုပ်ပြခြင်း၊ လေ့လာသူပရိသတ်များနှင့် အပြန်အလှန်ဖလှယ်ကြခြင်း နည်းလမ်းများဖြင့် ယူနန်ပြည်နယ်၏ ကိုယ်စားပြုလောက်သော ရိုးရာလက်မှုအနုပညာများကို ပြသခဲ့ကြသည်။ ထို့အတူယူနန်ပြည်နယ် တိုင်းရင်းသားအရပ်ဘက်အဆို၊ အက၊ အတီး၊ လက်မှု အနုပညာတင်ဆက်ပွဲ၊ အကြီးစားမျက်နှာ ပန်းပုပွဲဖြစ်သည့် 《 ရှေးခေတ်မြင်းလှည်း လမ်းမကြီး 》၊ “တစ်ဖုန်တစ်လမ်း” ခေါင်းစဉ်ဆိုင်ရာ သစ်သားသံပူခတ်ပန်းချီ 《တောင်ပိုင်းပိုးလမ်းမကြီး》







နှင့် 《ပင်လယ်ပြင် ပိုးလမ်းမကြီး၊ ကျိမ်ဟော် အနောက်သမုဒ္ဒရာသို့ဆင်းသွားခြင်း》 စသည့်လက်ရာများပြပွဲမှာ ထူးခြားသော တိုင်းရင်းသား အနုပညာညို့ဓာတ်ကြောင့် ယခုအကြိမ် အနုပညာသီတင်းပတ်၏ ယဉ်ကျေးမှုဆိုင်ရာဆွဲဆောင်မှုကြီး တစ်ရပ်ပင်ဖြစ်တော့သည်။

“အိန္ဒိယနိုင်ငံ ရုပ်ရှင်ကားများကြည့်ရှုလေ့လာရေးပွဲ”တွင် ပရိသတ်များအတွက် အိန္ဒိယနိုင်ငံရုပ်ရှင်ကား 《လျှပ်တစ်ပြက် ကားနတ်(၃)》၊ 《နှစ်နမ်းရန်ဆောင်ရွက်ချက်》၊ 《အမှတ်(၁၀) နိုင်ငံတော် လမ်းမကြီး》၊ 《အမျိုးသမီးလက်ဝှေ့မင်း》၊ 《ခြသေ့်ထီး》၊ 《အိန္ဒိယစတိုင်လ် အင်္ဂလိပ်စကား 》 နှင့် တရားဝင်ရုံတင်နေဆဲဖြစ်ကြသော တရုတ်ရုပ်ရှင်ကား 《ပြန်တွေ့ပါ၊ ကျွန်တော့်(၁၀)နှစ်》၊ အိန္ဒိယနိုင်ငံရုပ်ရှင်ကား 《ငါ့နတ်ရယ်》 စသည်တို့ကို အခမဲ့ပြသခဲ့ပြီး ကြည့်ရှုလေ့လာပွဲနှင့် နှီးနှောဖလှယ်ပွဲတို့ကို အသီးသီးကျင်းပခဲ့ပါသည်။

**လီရွှဲရှင်း**

## ပထမဆုံးသော ဟာ ၊နီတိုင်းရင်းသာ ၊ကဇာ တ် ဩဂုတ်လတွင် တရာ ၊ဝင် တင်ဆက်

မကြာမီရက်ပိုင်းတွင် ဟုန်ဟော်ဟားနီတိုင်းရင်းသား ယီတိုင်းရင်းသား လူမျိုးများ ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်ခွဲရှိ ဟုန်ဟော်အားကစားရုံတွင် ကချေသည်(၅၀)ကျော်တို့သည် တေးသံအလိုက် ကိုယ်ခန္ဓာအမူအရာဖြင့်စိတ်ကြွစေသော သမိုင်းအငွေ့အသက်ကို ဖန်တီးလိုက်သည်။

ဤသည်ကား ယူနန်ပြည်နယ်၏ ပထမဆုံးသော ဟားနီတိုင်းရင်းသား ကဇာတ်《ရာသက်ပန်နော်မာအားမေ့》 ပထမအပိုင်းမှ ဝတ်စုံပြည့်လေ့ကျင့်နေခြင်းဖြစ်သည်။ ယင်းကဇာတ်သည် ဟုန်ဟော် ပြည်နယ်ခွဲအဆိုအကအဖွဲ့မှ အားအင် အပြည့်ဖြင့် ပြုလုပ်ထားသော ယဉ်ကျေးမှုလက်ရာ တစ်ပွဲဖြစ်သည်။ ကဇာတ်တစ်ပွဲလုံးကို စုစုပေါင်း (၄)ခန်းအဖြစ်ခွဲထားသည်။ စော်ဘွားနော့စောနှင့် ၎င်း၏ဇနီး ချင်စိကို အဓိကဇာတ်ကောင်အဖြစ်ထားပြီး ဟားနီတိုင်းရင်းသားများသည် ဟိမဝန္တာတောင်တန်းမှ ဟုန်ဟော်မြစ်၏ တောင်ဘက်ကမ်းအထိ ရွှေ့ပြောင်းနေထိုင်လာသောပုံပြင်ကို သရုပ်ဖော်ပြသသွားခြင်းဖြစ်သည်။ ယင်းကဇာတ်၏ ထူးခြားချက်မှာ ကဇာတ်ပုံစံဖြင့် ဟားနီတိုင်းရင်းသားများရွှေ့ပြောင်းနေထိုင်ခြင်း၏ သမိုင်းနောက်ခံတွင်ဖြစ်ပွားခဲ့သောစစ်ပွဲ၊ ပူဇော်ပွဲ၊ လယ်စိုက်ပွဲစသည့်နေထိုင်မှုဘဝဒြပ်စင်အဖြာဖြာဖြင့်ပေါင်းစည်းကာ ဟားနီတိုင်းရင်းသားများ၏ ကိုယ်ပိုင်သမိုင်းယဉ်ကျေးမှု ကိုပြသထားခြင်းပင်ဖြစ်သည်။ လောလောဆယ် ယင်းကဇာတ်၏ပထမပိုင်းကို နှစ်ကြိမ်အဖြစ်ခွဲပြီး ဝတ်စုံပြည့်လေ့ ကျင့်နေဆဲဖြစ်သည်။ ဇူလိုင်လအတွင်း ဝတ်စုံပြည့်လေ့ကျင့်မှုလုပ်ငန်းအကုန်ပြီးစီးသွားပြီး ဩဂုတ်လကုန်တွင် တရားဝင်တင်ဆက်နိုင်မည်ဟုခန့်မှန်းထားပါသည်။

**ဖုန်ရှမ်**

## ယူနန်ပြည်နယ်ယဉ်ကျေးမှုအမွေအနှစ်များနေ့တွင် “ခရိုင်(၁၀၀)ခရိုင်မှ အနုပညာအရပ်(၁၀၀)” ကွမ်းဒုမြို့ဟောင်းသို့ စုံလင်စွာ စုဝေး

ဇွန်လ(၁၃)ရက်ဖြစ်သည့်(၁၀)ကြိမ်မြောက် “တရုတ်ယဉ်ကျေးမှု အမွေအနှစ်များနေ့” ကျရောက်သည့်အခါသမယ တွင် “အောင်မြင်မှုရလဒ်ကို ကာကွယ်၊ ပြည်သူတစ်ရပ်လုံးနှင့်မျှဝေ” ကိုခေါင်းစဉ်အဖြစ်ထားသော “ယူနန်ပြည်နယ်‘တရုတ်ယဉ်ကျေးမှု အမွေအနှစ်များနေ့’(၂၀၁၅)” လှုပ်ရှားမှုကို ကူမင်းမြို့ ကွမ်ဒုမြို့ဟောင်းတွင် တရားဝင်ဖွင့်လှစ်လိုက်ကြောင်း သိရပါသည်။

ယခုအကြိမ် တရုတ်ယဉ်ကျေးမှု အမွေအနှစ်များနေ့အတွက် လှုပ်ရှားမှုအများ အပြားကျင်းပခဲ့သည်။ ၎င်းအနက် “တရုတ် လက်မှုအနုပညာ-ခရိုင်များမှ အနုပညာ များ”ကူမင်းကွမ်းဒု ပဥ္စမကြိမ်မြောက် တစ်နိုင်ငံလုံးဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ပူးတွဲပြပွဲသည် တစ်နိုင်ငံလုံးမှ ခရိုင်(၁၀၀)ခရိုင်ရှိနိုင်ငံတော်အဆင့်၊ ပြည်နယ်အဆင့်ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်လက်မှု အနုပညာရပ်(၁၀၀)ကို ဖိတ်ခေါ်လာပြီး ကွမ်းဒုမြို့ဟောင်းရင်ပြင်၊ ကွမ်းဒုဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ဆက်ခံရေးစခန်းတို့တွင်ပြသခဲ့သည်။ ပြပွဲတွင်လက်မှုအနုပညာများကို အမွေဆက်ခံသူများက လက်တွေ့ သရုပ်ပြသဖြင့် ဆန်းကြယ်လှသည်ဟုဆိုနိုင်သည်။ ယခုအကြိမ်ပြပွဲတွင် မြို့သူမြို့သားများနှင့် အပြန်အလှန် ဖလှယ်နိုင်သည့်အပြင် ယူနန်ပြည်နယ်၏နာမည်ကျော် တရုတ်တိုင်းရင်းဆေးကုပညာရှင်များကိုလည်း ဖိတ်ခေါ်၍ ကွမ်းဒုမြို့ဟောင်း ရင်ပြင်တွင် မြို့သူမြို့ သားများအတွက် ကျန်းမာရေးစောင့် ရှောက်ရေးဝန်ဆောင်မှုပေးကြသည်။ ပြည်နယ် အဆင့်ယဉ်ကျေးမှုအမွေအနှစ်ရေးရာ ပညာရှင်များကို ဖိတ်ခေါ်၍မြို့သူမြို့သားနှင့် ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်း ဝါသနာရှင်များအတွက် ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းစိစစ်အကဲဖြတ်ရေးနှင့် ဥပဒေဆိုင်ရာ စုံစမ်းမေးမြန်းရေးဝန်ဆောင်မှုများကိုလည်း အခမဲ့ဆောင်ရွက် ပေးခဲ့ပြီး ယဉ်ကျေးမှု အမွေအနှစ် ကာကွယ်ရေး အသိစိတ်တိုးမြှင့်ရန်အများ ပြည်သူအားယဉ်ကျေးမှု အမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးပညာပေးခဲ့သည်။

**ထန်လိနာ့**

# တရုတ်-မြန်မာနှစ်နိုင်ငံလူငယ်များ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်သည့်(၆၅)နှစ်အထိမ်းအမှတ်ဂုဏ်ပြု




ဇွန်လ(၈)ရက်တွင် တရုတ်-မြန်မာနှစ်နိုင်ငံလူငယ်(၁၃၀)ဦးတို့သည် ယူနန်ပြည်နယ် တယ်ဟုန်ပြည်နယ်ခွဲ၌ ပျော်ရွှင်စွာဖြင့် စုဝေးကြ၍ "လက်ချင်းတွဲ၊ စိတ်ချင်းဆက်" ပျော်ပွဲရွှင်ပွဲကျင်းပခြင်းဖြင့် တရုတ်-မြန်မာသံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့်(၆၅)နှစ်အတွက် ဂုဏ်ပြုရင်း ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး ပိုမိုခိုင်မြဲစေရန် နှီးနှောဖလှယ်ခဲ့ကြသည်။

ထိုနေ့ညတွင် မြန်မာနိုင်ငံနေ တရုတ်အမျိုးသားကိုယ်စားလှယ်များ၊ ကြက်ခြေနီအသင်းဝင်များ၊ တရုတ်နိုင်ငံရှိမြန်မာ့ပညာတော်သင် ကိုယ်စားလှယ်များ၊ တရုတ်နိုင်ငံရှိ မြန်မာ့လုပ်သားကိုယ်စားလှယ်များ စသည့်မြန်မာ့ လူငယ်(၄၅)ဦးတို့က တက်ရောက်ခဲ့ကြပြီး အဆိုအကဖျော်ဖြေ တင်ဆက်မှုများဖြင့် တရုတ်နိုင်ငံနှင့် တည်ထောင်ထားပြီးဖြစ်သော ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးကိုမျှဝေခဲ့ကြသည်။

"ကျွန်မဟာ တရုတ်ဘာသာကို ကြိုက်ပါတယ်"။ တရုတ်ဘာသာစကားကို ကြိုက်နှစ်သက်သောကြောင့် ဟော်မငကျောင်သည် လွန်ခဲ့သည့်နှစ်နှစ်က တယ်ဟုန်အဆင့်မြင့်ဆရာအတတ်ပညာရပ်သင်ကျောင်းသို့လာရောက်ပြီး တရုတ်ဘာသာကိုသင်ယူခဲ့ပါသည်။ နှစ်နှစ်ကြာသင်ကြားခြင်းအားဖြင့် သူမသည် တရုတ်ဘာသာစကားဖြင့် အများနှင့် အလွယ်တကူ ဖလှယ်နိုင်တော့သည်။ ဟော်မင်ကျောင်၏အိမ်သည် မြန်မာနိုင်ငံမူဆယ်မြို့တွင်နေပါသည်။ တရုတ်-မြန်မာနယ်စပ်တွင်လည်း တည်ရှိပါသည်။ "ဆောင်းရာသီကျောင်းပိတ်ရက်၊ နွေရာသီကျောင်းပိတ်ရက်အတွင်း ကျွန်မအိမ်ပြန်တိုင်းဆွေမျိုးများက ကျွန်မအားယဉ်ကျေးမှု၊ နေထိုင်မှုဘဝအပါအဝင် တရုတ်ပြည်နဲ့ပတ်သက်တဲ့အကြောင်းတွေကိုမေးလေ့ရှိတယ်" ဟုဟော်မင်ကျောင်ကပြောကြားပါသည်။ တရုတ်နိုင်ငံတွင် နှစ်နှစ်ကြာပညာသင်ကြားခဲ့ခြင်းကြောင့် သူမသည် အိမ်အတွင်းမှ "တရုတ်အကြောင်းစုံသိကျွမ်းသူ" ဖြစ်လာပြီးဖြစ်ကြောင်း၊ ဤသည်မှာ တရုတ်-မြန်မာနှစ်နိုင်ငံကုန်သွယ်ရေး၏ အကျိုးကျေးဇူးကြောင့် ကျောင်းမပြီးသေးသော်လည်း တရုတ်-မြန်မာဘာသာပြန် ဝန်ထမ်းအဖြစ်မြန်မာ ကုမ္ပဏီတစ်ခုနှင့် စာချုပ်ချုပ်ဆိုပြီးဖြစ်ကြောင်း ၄င်းကဆက်လက်ပြောကြားပါသည်။

ယူနန်ပြည်နယ် တယ်ဟုန်ပြည်နယ်ခွဲ၏အရပ်သုံးမျက်နှာတွင် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိပြီး ယူနန်ပြည်နယ်မှ မြန်မာနိုင်ငံနှင့် ဆက်ဆံသောအဓိကဒေသဖြစ်သည်။ တရုတ်-မြန်မာဆွေမျိုးပေါက်ဖော်ပျော်ပွဲရွှင်ပွဲကြီး၊ တရုတ်-မြန်မာနယ်စပ်ကုန်စည်ပြပွဲတို့ကိုယင်းနေရာတွင် နှစ်စဉ်ကျင်းပလေ့ရှိသည်။ ၂၀၁၄ခုနှစ်တွင် တယ်ဟုန်ပြည်နယ်ခွဲမှ မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုတန်ဖိုး ပမာဏစုစုပေါင်း အမေရိကန်ဒေါ်လာ ၅၁၅. ၅ ဘီလီယံရှိခဲ့ပြီး တရုတ်-မြန်မာကုန်သွယ်မှုပမာဏ စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းပါဝင်ခဲ့သည်။

သတင်းထောက်သည် တယ်ဟုန်ပြည်နယ်ခွဲ လူငယ်ရေးရာသမဂ္ဂမှ ရရှိသော သတင်းအရ တရုတ်-မြန်မာနှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်ခဲ့သည့်(၆၅)နှစ်အထိမ်းအမှတ်ဂုဏ်ပြုပြီး တရုတ်-မြန်မာနယ်စပ်နေလူငယ်များအား ချစ်ကြည်ရင်းနှီးစွာ ဖလှယ်နိုင်စေရန်အတွက် တရုတ်-မြန်မာနှစ်နိုင်ငံလူငယ်များသည် ဇွန်လမှဒီဇင်ဘာလအထိ ဂုဏ်ပြုပွဲများစွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံလူငယ်များ ပူးပေါင်း ဖလှယ်ရေးတိုးမြှင့်ပြီး တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး ပြန့်ပွားစေရန် ဤအတောအတွင်းလူငယ်အဆိုပြိုင်ပွဲ၊ လူငယ်စာပေ၊ အနုပညာနှီးနှောဖလှယ်ပွဲ၊ အားကစားပြိုင်ပွဲစသည်များကို ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**ရွှေဝင်**

# အလုပ်များနေသော ဘာသာပြန်ကောင်မလေး

"မင်္ဂလာပါ။ အင်တာဗျူးလုပ်ချင်လို့(၁၀)မိနစ်လောက်ပေးလို့ရမလား။" "ခဏစောင့်ပါဦး။ ဟိုဘက်က ကျွန်မရဲ့ဘာသာပြန်ချက်ကို စောင့်နေသေးတယ်။ တကယ်ပဲ အလုပ်များနေလို့ပါ။ အားနာပါတယ်ရှင်"။ အင်တာဗျူးလုပ်ရန်အတွက် ထိုသို့သော အမေးအဖြေစကားမျိုးကိုတိုတောင်းလှသည့်အချိန်အတွင်း လီယွင်သည် သတင်းထောက်နှင့် ထပ်ပြန်တလဲလဲ ပြောခဲ့ပါသည်။ တစ်နာရီနီးပါးစောင့်ပြီးမှသာ အင်တာဗျူးလုပ်ခဲ့ရပါသည်။ အင်တာဗျူးလုပ်နေသည့်ကြားတွင်လည်းဖုန်းနှစ်ခါဝင်လာ၍ ခဏရပ်လိုက်သေးသည်။

အလုပ်များသည်၊ အလုပ်တယ်များသည်။ ဤသည်မှာ လီယွင်ကသတင်းထောက်ကိုပေးလိုက်သည့် ပထမအရိပ်အရောင်ပင်ဖြစ်သည်။

လီယွင်သည် မြန်မာဘာသာပြန်လုပ်ငန်းကို လုပ်ကိုင်နေသောတရုတ်ကောင်မလေးတစ်ဦးဖြစ်သည်။ ယူနန်တိုင်းရင်းသားတက္ကသိုလ်နိုင်ငံခြားဘာသာရပ်မှ ဘွဲ့ရပြီးနောက် တစ်နှစ်ပဲရှိတော့သည်။ လက်ရှိတွင် ရွှေလီမြို့ရှိ အကြီးစားပုဂ္ဂလိကပိုင်ကုမ္ပဏီတစ်ခုတွင် ဘာသာပြန်တာဝန် ထမ်းဆောင်နေပါသည်။

ဤအလုပ်အကိုင် စကားစကိုပြောမိသော် လီယွင်က "ကျွန်မဟာ ရွှေလီမြို့မှာ ကြီးပြင်းလာတာပါ။ အိမ်မှာအရောင်း အဝယ်လေးကိုလည်း လုပ်နေရလို့ မြန်မာ နိုင်ငံသားများနဲ့ မကြာခဏ ဆက်ဆံရပါတယ်။ ဒါပေမဲ့ နယ်ခံဒေသမှာဘာသာပြန် ရှာလို့ခက်ပါတယ်။ ဒါကြောင့်မြန်မာ ဘာသာမေဂျာကို ရွေးချယ်သင်ယူခဲ့ခြင်းဖြစ်ပါတယ်"။ "အရွေးမှန်မှာ မထင်မိခဲ့ပါ။ ဒီပလိုမာဘွဲ့ရသူတစ်ယောက်အနေနဲ့ ရိုးရိုးမေဂျာဘွဲ့ရသူနဲ့တန်တဲ့လစာရနိုင်ပါတယ်"ဟု သူမကရယ်ရယ်ပြုံးပြုံးပြော ပါသည်။

လီယွင်၏မိတ်ဆက်ခြင်းအရ အနီးတစ်ဝိုက်တွင် ဘွဲ့ရပြီးဖြစ်သော ကျောင်းနေဖက်များအနက် မြန်မာဘာသာမေဂျာကို ရွေးချယ်သင်ယူခဲ့သော ကျောင်းနေဖက်များက အလုပ်အကိုင်အခွင့်အလမ်းဖြစ်စေ၊ လစာဖြစ်စေ၊ အဆင်ပြေဆုံးဖြစ်ကြောင်း၊ လက်ရှိတွင် ရွှေလီမြို့၌ မြန်မာဘာသာပြန်လုပ်ငန်း လုပ်ကိုင်သူများသည် ဘွဲ့လက်မှတ် (သို့) ပညာအရည်အချင်း အနိမ့်အမြင့် အလိုက်ဒီပလိုမာဘွဲ့ရသူမှ မဟာဘွဲ့ရသူအထိ၄င်းတို့၏ သာမာန်လစာမှာ ယွမ်(၃၅၀၀)မှ ယွမ်(၁၀၀၀၀)အထိ ရရှိနိုင်ကြောင်း၊ မြန်မာနိုင်ငံအတွင်း ဘာသာပြန်လုပ်ငန်း လုပ်ကိုင်ကြသူမှာ အများအားဖြင့် ယွမ်(၁၀၀၀၀)နှင့် အထက်ရရှိနိုင်ကြောင်း သိရပါသည်။

ရွှေလီမြို့နိုင်ငံတော်အလေးပေးတံခါးဖွင့်ဖွံ့ဖြိုးတိုးတက်ရေးစမ်းသပ်ဇုန် တည်ဆောက်ရေးလုပ်ငန်း၊ နိုင်ငံတော်၏ "တစ်ဇုန်တစ်လမ်း" မဟာဗျူဟာနှင့် ယူနန်ပြည်နယ်၏တောင်အာရှ၊ အရှေ့တောင်အာရှသို့ မျက်နှာမူဖြာထွက်ရေးစင်တာ တည်ဆောက်ရေး လုပ်ငန်း အဆက်မပြတ် တိုးမြှင့်လာသည်နှင့် အမျှ တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ကူးလူးဆက်ဆံရေးမှာ များသထက်များလာလေရာ မြန်မာဘာသာပြန်လိုအပ်မှုသည် တနေ့တခြား မြင့်မားလာနေသည်။ ရွှေလီမြို့တွင် မြန်မာဘာသာစကားသင်ယူခြင်းသည် ရေပန်းစားလာနေသည်။

"တရုတ်-မြန်မာနှစ်နိုင်ငံပူးပေါင်းဖလှယ်ရေးကြောင့် မြန်မာဘာသာပြန်များကို မျက်နှာပွင့်လာနေကြပါတယ်။ အခု ရွှေလီမြို့ရှိ မြန်မာဘာသာပြန်များဟာ မလုံလောက်သေးပါ။ ဘာသာပြန်တစ်ဦးလျှင် အဖွဲ့အစည်းများစွာအတွက် ဘာသာပြန်လုပ်ပေးရတယ်။ ကျွန်မရုံးဆင်းချိန်မှာလည်း တရုတ်ကုန်သည်များအားမြန်မာဘာသာစကားသင်ပို့ပေးသေးတယ်။ ဝင်ငွေလည်း အများကြီးရနိုင်တယ်။" မိမိ၏လက်ရှိအလုပ်အကိုင်အကြောင်းကို ပြောမိသောအခါ လီယွင်ကအနည်းငယ် ဂုဏ်ယူပြီး "ကျွန်မမောင်လေးတစ်ယောက်က ဒီနှစ် အထက်တန်းတက်နေတယ်။ တက္ကသိုလ်ဝင်စာမေးပွဲဝင်ဖြေပြီးတော့ ကျွန်မအိမ်သူအိမ်သားများက သူ့ကို မြန်မာဘာသာသင်စေအုံးမယ်"ဟု ၄င်းကပြောကြားသည်။

**တိန့်ချင်းဝင်**

# ယူနန်ပြည်နယ်အတွင်းအကြီးဆုံး သော Moringa Tree စိုက်ပျိုးရေးစခန်းကို တယ်ဟုန်ပြည်နယ်ခွဲတွင် တည်ဆောက်မည်

သတင်းထောက်သည် ယူနန်ပြည်နယ် သစ်တောရေးရာဦးစီးဌာနမှ ရရှိသောသတင်းအရ တယ်ဟုန်ပြည်နယ်ခွဲ ထျန်းရှသိပ္ပံပညာကုမ္ပဏီလီမိတက်သည်ယူနန်စိုက်ပျိုးရေးတက္ကသိုလ်၊ ယူနန်ပြည်နယ် ကုန်းပြင်မြင့်ဒေသများဝိသေသလယ်ယာ စိုက်ပျိုးရေးလုပ်ငန်းသုတေသနဌာန၊ တရုတ်-ကျူးဘား Moringa Treeသိပ္ပံနည်းပညာပူးပေါင်းဆောင်ရွက်ရေးစင်တာစသည့် သိပ္ပံနည်းပညာဆိုင်ရာ သုတေသနဌာနများနှင့် ကျယ်ပြန့်နက်နဲစွာ ပူးပေါင်းဆောင်ရွက်ကြပြီးMoringa Tree စိုက်ပျိုးရေး၊ အဆင့်မြင့် အချောကိုင်ထုတ်လုပ်ရေး စသည့်ပြဿနာမျိုးစုံကို အောင်မြင်စွာဖြေရှင်းနိုင်ခဲ့ကြောင်း၊ Moringa Tree စိုက်ပျိုးရေးဧရိယာအတွက် ယခုထိတရုတ်မို(၂၀၀၀)ကျော် စိုက်ပျိုးမည့်အခြေခံတွင်တရုတ်မို (၁၈၀၀၀)ကို ထပ်မံတိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ထိုသို့တိုးချဲ့စိုက်ပျိုးခြင်းကြောင့် တယ်ဟုန်ပြည်နယ်ခွဲအား တစ်ပြည်နယ်လုံးတွင် Moringa Tree စိုက်ပျိုးမှုပမာဏအကြီးဆုံးသော ပြည်နယ်ခွဲ/မြို့တစ်ခုဖြစ်လာစေကြောင်းသိရသည်။

ယူနန်စိုက်ပျိုးရေးတက္ကသိုလ်၏ သုတေသနရလဒ်အရ Moringa Tree အရွက်တွင် လူ့ခန္ဓာကိုယ်အတွက်လိုအပ်မည့်အရေးပါလှသော အာဟာရဓာတ်များစွာပါရှိကြောင်း၊ ၄င်းအနက် Amino Acid(၁၈)မျိုး၊ Vitamin (၁၀)မျိုး၊ Minerals(၉)မျိုးနှင့် Microelement များပါဝင်နေကြောင်းသိရပါသည်။

**ကျောက်ကန်း**